# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

# ကုန်သွယ်ရေးဦးစီးဌာန

# ကြော်ငြာစာအမှတ် (၁/၂၀၂၄)

# လျှောက်လွှာခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူး (၆၀) နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ဒုတိယဦးစီးမှူး | လစ်လပ်(၆)နေရာ |
| | စာရင်းကိုင်-၂ | လစ်လပ်(၅)နေရာ |
| | (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | |
| ( ခ ) | အငယ်တန်းစာရေး | လစ်လပ်(၁၀)နေရာ |
| | ဒုတိယလက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး | လစ်လပ်(၉)နေရာ |
| | (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | |
| ( ဂ ) | ဆက်သွယ်ရေး(၅) | လစ်လပ်(၂၄)နေရာ |
| | စာကူးစက်လှည့်အကူ | လစ်လပ်(၃)နေရာ |
| | (လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | |
| (ဃ) | ရုံးအကူ | လစ်လပ်(၁)နေရာ |
| | သန့်ရှင်းရေးအကူ | လစ်လပ်(၂)နေရာ |
| | (လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) ဒုတိယဦးစီးမှူးရာထူးအတွက် ဝါဏိဇ္ဇဘွဲ့ (B.Com), စီးပွားရေးပညာဘွဲ့ B.Econ (Statistics, Economic), ဝိဇ္ဇာဘွဲ့ B.A (English), ဥပဒေဘွဲ့ (LLB/B.A (Law)) ဘွဲ့ရရှိသူဖြစ်ရမည်။

( ဂ ) စာရင်းကိုင်-၂ ရာထူးအတွက် ဝါဏိဇ္ဇဘွဲ့ (B.Com), စီးပွားရေးပညာဘွဲ့ B.Econ (Statistics, Economic), တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး ဒီပလိုမာစာရင်းကိုင်လက်မှတ် (DA) (သို့) LCCI (Level-1/2/3) ရရှိပြီးသူဖြစ်ရမည်။

(ဃ) အငယ်တန်းစာရေးနှင့် ဒုတိယလက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး ရာထူးအတွက် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ (ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူ) ဖြစ်ရမည်။

( င ) ဆက်သွယ်ရေး (၅) နှင့် စာကူးစက်လှည့်အကူ ရာထူးများအတွက် အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။

( စ ) ရုံးအကူနှင့် သန့်ရှင်းရေးအကူရာထူးများအတွက် အခြေခံပညာမူလတန်းအဆင့်ရှိရမည်။

(ဆ) ဌာန၏ လုပ်ငန်းသဘာဝအရ အမျိုးသားများအား ဦးစားပေးရွေးချယ်မည်ဖြစ်ပါသည်။

( ဇ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

( ဈ ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း (Removal) ခံရသူများနှင့် နုတ်ထွက်ခဲ့သူများ လျှောက်ထားခွင့်မရှိပါ။

(ည) ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး (၂၇) နှစ်ထက်မကျော်သူဖြစ်ရမည်။ လက်ရှိဝန်ထမ်းဖြစ်ပါက အသက် (၃၀) နှစ်ထက် မကြီးသူဖြစ် ရမည်။

( ဋ ) အထက်ဖော်ပြပါ ရာထူးအဆင့်များအားလုံးအတွက် ဌာနတွင် အနည်းဆုံးတစ်ဆက်တည်း (၃) နှစ်ပြည့်သည်အထိ တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။

( ဌ ) ဒုတိယဦးစီးမှူးရာထူး လျှောက်ထားသူသည် ခိုင်လုံသောအကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ (၃)နှစ်ပြည့်သည်အထိ တစ်ဆက်တည်း တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက လျော်ကြေးငွေကျပ် (၂၀) သိန်း (ကျပ်နှစ်ဆယ်သိန်းတိတိ) ကို တစ်လုံးတစ်ခဲတည်း ပေးလျော်ရမည်။

( ဍ ) အငယ်တန်းစာရေးနှင့်အဆင့်တူရာထူး လျှောက်ထားသူသည် ခိုင်လုံသောအကြောင်းပြချက်တစ်စုံတစ်ရာ မရှိဘဲ (၃)နှစ် ပြည့်သည်အထိ တစ်ဆက်တည်း တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက လျော်ကြေးငွေကျပ် (၁၀) သိန်း (ကျပ် ဆယ်သိန်းတိတိ) ကို တစ်လုံးတစ်ခဲတည်း ပေးလျော်ရမည်။

၃။ စာမေးပွဲဝင်ကြေးငွေ ၂၀၀၀/-(ကျပ်နှစ်ထောင်တိတိ)ကို နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိငွေစာရင်းအမှတ် (MD-010022) သို့ ပေးသွင်းရမည်။ အခြားမြို့များမှ ပေးသွင်းပါက သက်ဆိုင်ရာမြို့၏ မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ငွေလွှဲလက်မှတ်ဖြင့် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ် MD-010022 သို့ပေးသွင်းရပါမည်။

၄။ လျှောက်လွှာပုံစံများကို နေပြည်တော်၊ ရုံးအမှတ်(၃)၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ website ဖြစ်သည့် www.commerce.gov.mm တွင် Download ရယူနိုင်ပါသည်။

၅။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရပါမည် -

(က) ဒု-ဦးစီးမှူးနှင့် အငယ်တန်းစာရေးနှင့် အဆင့်တူရာထူးများအတွက် ပညာအရည်အချင်းအထောက်အထား ဘွဲ့လက်မှတ်/ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ ဆက်သွယ်ရေး(၅) ၊ စာကူးစက်လှည့်အကူ၊ ရုံးအကူနှင့် သန့်ရှင်းရေးအကူ ရာထူးအတွက် ကျောင်းထောက်ခံစာ **(မိတ္တူ)**

( ခ ) ရက်သတ္တပတ် (၂) ပတ်အတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓါတ်ပုံ **(၃)ပုံ (နောက်ကျောတွင်အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)**

( ဂ ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် (၁) လအတွင်းရယူထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်း၏ ထောက်ခံချက် **(မူရင်း)**

(ဃ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) **(မိတ္တူ)**

( င ) နိုင်ငံသားစိစစ်ရေးကတ်ပြား **(မိတ္တူ)**

( စ ) ကျန်းမာရေးကောင်းမွန်ကြောင်း (၁) လအတွင်းရယူထားသည့် သက်ဆိုင်ရာမြို့နယ်ဆေးရုံ၏ ဆေးစစ်ချက် ထောက်ခံချက်**(မူရင်း)**

(ဆ) စာမေးပွဲဝင်ကြေး ပေးသွင်းပြီးသည့်ချလန်/ ငွေလွှဲပြေစာ **(မူရင်း)**

( ဇ ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ် **(မိတ္တူ)**

၆။ နိုင်ငံ့ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့်ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုစာနှင့်အတူ ဝန်ထမ်းစည်းကမ်းဆိုင်ရာပြစ်ဒဏ်ကျခံဆဲ ဟုတ်/ မဟုတ် ထောက်ခံချက်ပူးတွဲ၍လည်းကောင်း၊ ပြင်ပမှလျှောက်ထားသူများ အနေဖြင့် ဤဦးစီးဌာန (နေပြည်တော်) ရုံးသို့ လျှောက်လွှာကို (၁၆-၉-၂၀၂၄)ရက် (တနင်္လာနေ့) အရောက် နောက်ဆုံးထား၍ လျှောက်ထားရန်နှင့် လာရောက်လျှောက်ထားသူများသည် မိမိနှင့်သက်ဆိုင်သည့် ပညာအရည်အချင်း အထောက်အထားများ(မူရင်း) ယူဆောင်လာရန်ဖြစ်ပြီး ကုန်သွယ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ ဝင်ရောက်ဖြေဆိုပါက အသက်ကန့်သတ်ချက်အား လျှော့ပေါ့စဉ်းစားမည်ဖြစ်ပါသည်။

၇။ ဒု-ဦးစီးမှူး၊ အငယ်တန်းစာရေးနှင့်အဆင့်တူရာထူးလျှောက်ထားသူများကို (၂၈-၉-၂၀၂၄) ရက် နံနက်(၁၀:၀၀)ချိန်တွင် ရုံးအမှတ်(၃)၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၌ အောက်ပါအတိုင်း အရည်အချင်းစစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပြီး ပဏာမရွေးချယ်ခံရသူများကို ဌာနမှ ဆက်သွယ်အကြောင်းကြားပါမည်။

| စဉ် | အကြောင်းအရာ | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | အင်္ဂလိပ်စာ(ရေးဖြေ) | ၂၈-၉-၂၀၂၄ | နံနက်(၁၀:၀၀ မှ ၁၁:၃၀ထိ) |
| ( ခ ) | ကွန်ပျူတာကျွမ်းကျင်မှုလက်တွေ့ | ၂၈-၉-၂၀၂၄ | နံနက်(၁၂:၃၀ မှ ၁၆:၀၀ထိ) |
| ( ဂ ) | အထွေထွေဗဟုသုတ(လူတွေ့) | ၂၉-၉-၂၀၂၄ | နံနက်(၁၀:၀၀ မှ ၁၆:၀၀ထိ) |

၈။ စာကူးစက်လှည့်အကူ၊ ရုံးအကူနှင့် သန့်ရှင်းရေးအကူ လျှောက်ထားသူများအား (၂၉-၉-၂၀၂၄) ရက် (၁၀း၀၀) မှစ၍ လူတွေ့စစ်ဆေးခြင်းများပြုလုပ်သွားမည် ဖြစ်ပါသည်။

၉။ ဖြေဆိုခွင့်ကတ်ပြားများကို (၂၇-၉-၂၀၂၄)ရက်တွင် ရုံးအမှတ်(၃)၊ ကုန်သွယ်ရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၌ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့်အတူ ရုံးချိန်အတွင်း ထုတ်ယူရန်ဖြစ်ပါသည်။

၁၀။ အသက်ကန့်သတ်ချက်ကျော်လွန်သူများ၊ အချက်အလက်မပြည့်စုံသောလျှောက်လွှာများနှင့် လျှောက်လွှာပိတ်ရက်ထက် နောက်ကျ၍ ငွေသွင်းသူများအား လက်ခံစဉ်းစားမည် မဟုတ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ရုံးအမှတ်(၃)၊ ကုန်သွယ်ရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်းနံပါတ် ၀၆၇-၃၄၀၈၃၀၉ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန